ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

# ဝါရှင်တန်မြို့ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲပေးရေးဆိုင်ရာအသိပေးကြေညာချက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့၌ ကျင်းပမည့် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုတွင် မြန်မာနိုင်ငံအစိုးရ၏ခွင့်ပြုချက် (သို့တည်းမဟုတ်) တရားဝင်ရောက်ရှိနေထိုင်လျက်ရှိပြီး မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသော အသက်(၁၈)နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသားစာရင်း ပြုစုနိုင်ရေးအတွက် ဝါရှင်တန်မြို့ မြန်မာသံရုံးအနေဖြင့် **၂၉-၈-၂၀၁၄** ရက်နေ့မှစတင်၍ သံရုံး၏ Website နှင့်ကြော်ငြာသင်ပုန်းတို့မှတစ်ဆင့် အသိပေးကြေညာခဲ့ပါသည်။ ထို့နောက် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်သည့်အခွင့်အရေး မဆုံးရှုံးစေရန်အတွက် စာရင်းပေးရန် ကျန်ရှိနေသေးသော အသက်(၁၈)နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့နေထိုင်သော မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၏ ကောင်စစ်နယ်မြေများအလိုက် စာရင်းပေးသွင်းကြပါရန် **၂၅-၆-၂၀၁၅** ရက်နေ့တွင် မြန်မာသံရုံး၏ Website နှင့်ကြော်ငြာသင်ပုန်းတို့မှတစ်ဆင့် ထပ်မံအသိပေးနှိုးဆော်ကြေညာခဲ့ပါသည်။

၂။ ယင်းနောက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပေးပို့လာသော ကြိုတင်ဆန္ဒမဲပေးခွင့်တောင်းခံသည့် ပုံစံ(၁၅)များကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ မိမိတို့နေထိုင်သော ကောင်စစ်နယ်မြေများအလိုက် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ စာတိုက်မှသော်လည်းကောင်း၊ Fax ဖြင့်သော်လည်းကောင်း၊ email ဖြင့်သော်လည်းကောင်း ၃၁-၇-၂၀၁၅ ရက်နေ့ ထက်နောက်မကျစေဘဲ ပေးပို့ရန် **၁၀-၇-၂၀၁၅** ရက်နေ့တွင် မြန်မာသံရုံး၏ Website နှင့်ကြော်ငြာသင်ပုန်းတို့မှတစ်ဆင့် နှိုးဆော်အသိပေးကြေညာခဲ့သကဲ့သို့ မြန်မာသံရုံးဝန်ထမ်းများ၏ ကိုယ်ပိုင် လူမှုကွန်ယက်ဖြစ်သော Facebook များမှတစ်ဆင့်လည်းကောင်း၊ သံရုံးနှင့်နီးစပ်ရာ မြန်မာမိတ်ဆွေများမှတစ်ဆင့်လည်းကောင်း၊ မြန်မာသံရုံး၏ ကောင်စစ်မှတ်တမ်းများရှိ ဆက်သွယ်ရန် လိပ်စာများသို့ စာတိုက်နှင့် email များမှတစ်ဆင့်လည်းကောင်း ဖြန့်ဝေအသိပေးခဲ့ပါသည်။

၃။ အထက်ဖော်ပြပါအတိုင်း ကြိုတင်ဆန္ဒမဲတောင်းခံသည့်ပုံစံ(၁၅)များအား ဖြန့်ဝေခဲ့ရာတွင် ၁၀-၈-၂၀၁၅ ရက်နေ့အထိ အမေရိကန်နိုင်ငံရှိ ဝါရှင်တန်မြို့ မြန်မာသံရုံး၏ ကောင်စစ်နယ်မြေများရှိ **မြန်မာနိုင်ငံသား(၁၃၅)ဦး**ထံမှ ပုံစံ(၁၅)များအား လက်ခံရရှိခဲ့ပြီး ယင်းတို့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်ပေးပို့ထားပြီးဖြစ်ပါသည်။ ထို့ပြင် သတ်မှတ်ရက်ကျော်မှ ရောက်ရှိလာသည့် ပုံစံ(၁၅) အချို့ကိုလည်း ဆက်လက်ပေးပို့ပေးလျက်ရှိပါသည်။ ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပုံစံ(၁၅)များအား နောက်ဆုံးထားပေးပို့ရမည့်နေ့ရက်ကို ပြင်ဆင်သတ်မှတ်အကြောင်းကြားလာပါသဖြင့် ပုံစံ(၁၅) များအား မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉-၉-၂၀၁၅ ရက်နေ့အရောက်ပေးပို့ရမည်ဖြစ်ရာ ဝါရှင်တန်မြို့ မြန်မာသံရုံး၏ ကောင်စစ်နယ်မြေများမှ မဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် ကြိုတင်ဆန္ဒမဲပေးခွင့်တောင်းခံသည့်ပုံစံ(၁၅)များကို ပြည့်စုံစွာဖြည့်စွက်၍ သံရုံးသို့ **၁၇-၉-၂၀၁၅ ရက်နေ့ထက်နောက်မကျစေဘဲ** ဆောလျင်စွာပေးပို့ပေးပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

၄။ အလားတူ အဆိုပါပုံစံ(၁၅)များကို နယူးယောက်မြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် (၂၁၃)စောင်နှင့် လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတွင် (၇၅)စောင် အသီးသီးလက်ခံရရှိခဲ့ကြောင်းနှင့် ထပ်မံပေးပို့လာမည့် ပုံစံ(၁၅)များကိုလည်း ၁၇-၉-၂၀၁၅ ရက်နေ့အထိ ဆက်လက်လက်ခံပေးသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

၅။ အဆိုပါပုံစံ(၁၅) ဖြည့်စွက် ပေးပို့ထားသူမဲဆန္ဒရှင်များအနက် အချို့များမှာ သံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတို့နှင့် ဝေးလံသောမြို့များတွင် နေထိုင်ခြင်းကြောင့် လာရောက်မဲပေးနိုင်ခြင်း မရှိကြောင်း ဖော်ပြထားရာတွင် မဲရုံများသွားရောက်ဖွင့်လှစ်ရလောက်သည့် လူဦးရေပမာဏ မရှိခြင်း၊ သံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် ဝန်ထမ်းအင်အား မလုံလောက်ခြင်းတို့ကြောင့် ရုံးအခြေစိုက်သည့်မြို့များတွင်သာ မဲရုံဖွင့်လှစ်ရန် စီစဉ်ထားပါသည်။

၆။ အထက်ပါ ကြိုတင်ဆန္ဒမဲပေးခွင့်တောင်းခံသည့် ပုံစံ(၁၅) ပေးပို့ထားသူ မဲဆန္ဒရှင်များ အနေဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် အောက်ဖော်ပြပါ အစီအစဉ်များအတိုင်း မဲရုံများဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | မဲရုံဖွင့်လှစ်မည့်နေရာ | မဲပေးရမည့်နေ့ရက် | မဲပေးရမည့်အချိန် |
|---|---|---|---|
| ၁ | မြန်မာသံရုံး၊ ဝါရှင်တန်မြို့<br>2300 S Street, N.W. Washington, D.C. 20008 | ၁၇-၁၀-၂၀၁၅ (စနေနေ့)<br>၁၈-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) | နံနက် (၉) နာရီမှ ညနေ (၅)နာရီထိ |
| ၂ | မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့<br>10 EAST 77th Street, New York, NY10075 | အဖွဲ့ရုံးမှ မကြာမီ ထုတ်ပြန်ကြေညာသွားပါမည် | |
| ၃ | မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ လော့စ်အိန်ဂျယ်လိစ်မြို့<br>3435, Wilshire Boulevard, Suite 1590, Los Angeles, CA 90010 | ၁၇-၁၀-၂၀၁၅ (စနေနေ့)<br>၁၈-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) | နံနက် (၉) နာရီမှ ညနေ (၅)နာရီထိ |

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR 081 WASHINGTON

မြန်မာသံရုံး၊ ဝါရှင်တန်မြို့